NSW GOVERNMENT | Education
Public Schools

**Safe Bus Travel**




## မော်တော်ကားလမ်းများပေါ် ဘေးကင်းရေး ဆိုင်ရာ အချက်အလက်များ။

**ကလေးများ အိမ် မှ ကျောင်း၊ ကျောင်းမှအိမ် ခရီးသွားလာစဉ် ဘေးကင်းရေးသည် သင်၏ တာဝန် ဖြစ်ပါသည်။**

# ဘတ်စကားဖြင့် ဘေးရန်ကင်းစွာ ခရီးထွက်ရေး

ကလေးတစ်ယောက်သည် ဘတ်စကားပေါ်မှ ဆင်းလာပြီးသည့်အချိန်သည် ဘေးရန် အများဆုံး အချိန်ဖြစ်သည်။

**ဘေးရန် လျော့နည်းစေရေးအတွက်**

- သင်၏ကလေးကို ဘတ်စကားမှတ်တိုင်အထိ သွားကြိုပါ။ လမ်း တစ်ဖက်မှ စောင့်မနေပါနဲ့။
- ဘတ်စကား မှတ်တိုင်တွင် သင့်ကလေးတို့ရဲ့ လက်တွေကို မြဲမြဲ ကိုင်ထားပါ။
- ဘတ်စကားလာရန် မှတ်တိုင်မှာ စောင့်နေစဉ်မှာ ကားလမ်းအစပ်မှ ခြေလှမ်း အနည်းငယ် ကွာအောင် နောက်ဆုတ်နေပါ။
- ဘတ်စကား ထွက်ခွာသွားသည့်အထိ စောင့်ပြီးမှ လမ်းကို ဘေးမဲ့ဖြတ်နိုင်မည့် နေရာ ရှာပြီးမှ ဖြတ်ပါ။

**အောက်တွင်ပါရှိသော လမ်းမကို ဘေးမဲ့ ဖြတ်နိုင်မည့်နေရာကို သင့်ကလေး တွေအား ကူညီ ရှာပေးပါ၊**

- လမ်းလျှောက်သူများ ဖြတ်ကူးရန်သတ်မှတ်ထား သည့်နေရာ သို့မဟုတ် မော်တော်ကားများနှင့် လမ်းဖြတ်လိုသူများအား ကွပ်ကဲထိန်းချုပ်ပေးသော အချက်ပြမီး ရှိလျှင်။
- မော်တော်ယာဉ် များ အားလုံးက ထင်ထင် ရှားရှား မြင်နိုင်မည့် လမ်းရှည်ရှည် ဝေးဝေးလေး ရှင်းသည့်အပိုင်း။

သင်ကိုယ်တိုင် သင့်ကလေးတွေကို ဘတ်စကား မှတ်တိုင်မှာ သွားမကြိုအားလျှင် ယုံကြည် စိတ်ချ ရသည့် လူကြီးတစ်ယောက် သွားကြိုပေးဖို့ စီစဉ်ပါ။




**ကူညီထောက်ပံ့မှု လိုသေးလျှင်**

ဌာန၏ လမ်းပန်းဌ ဘေးကင်းရန် ပညာပေး အစီအစဉ်ကို ရှုပါ။
https://education.nsw.gov.au/road-safety-education သို့မဟုတ် ရှုပြီး
https://education.nsw.gov.au လမ်းပေါ်ဘေးကင်းရေးဆိုင်ရာ ပညာ ကို ရှာပါ။